“အသံ”

လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုဆောက်လုပ်ရေးကို တစ်ကမ္ဘာလုံးကအသိအမှတ်ပြုကြသည်

၂၀၁၇ခုနှစ် တရုတ်နိုင်ငံ၏ပြည်ပဆက်ဆံရေးကို ပြန်လည်သုံးသပ်သော မလွဲမသွေအကောင်အထည်ဖော်ဆောင်နေသော အဓိကထားသည့် အရာမှာ လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုဆောက်လုပ်ရေးကို အထောက်အပံ့ပြုခြင်းပင်ဖြစ်သည်။

အဆိုပါတစ်နှစ်ထဲတွင်တရုတ်နိုင်ငံသည် လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုဆောက်လုပ်ရေး အတွေးကို တစ်ကမ္ဘာလုံးက အသိအမှတ်ပြုလာအောင်လုပ်ဆောင်နိုင်ခဲ့သည်။ ကုလသမ္မဂအတွင်းသက်ဆိုင်ရာ ဆုံးဖြတ်ချက်ချရန် အခြေအနေသို့ရောက်အောင် အကြိမ်ကြိမ် ကြိုးပမ်းနိုင်ခဲ့ပြီး သမိုင်းသို့သွင်းနိုင်သောရလဒ်များကို ဖြစ်ထွန်းစေခဲ့ပါသည်။

အဆိုပါတစ်နှစ်အတွင်းတွင် လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုဆောက်လုပ်ရေးကိုဆောင်ရွက်ကာ သမိုင်းစာမျက်နှာအသစ်ကို အတူတကွရေးသားနိုင်ခဲ့သည်။ ပထမအချက်မှာ“ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု” အပြည်ပြည်ဆိုင်ရာ အကျိုးတူပူးပေါင်းဆောင်ရွက်မှုထိပ်သီးဖိုရမ်ကိုကျင်းပနိုင်ခဲ့ပြီး လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုဆောက်လုပ်ရေးသည် နိုင်ငံအသီးသီး၏တူညီသောဆန္ဒဖြစ်ကြောင်း အသိအမှတ်ပြုခဲ့သည်။ ဒုတိယအချက်မှာ တရုတ်ကွန်မြူနစ်ပါတီနှင့် ကမ္ဘာ့နိုင်ငံရေးပါတီအကြီးအကဲများနှင့် ဆွေးနွေးပွဲကိုကျင်းပနိုင်ခဲ့ခြင်းဖြစ်သည်။ “လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုဆောက်လုပ်ရေး၊ ငြိမ်းချမ်းလုပသောကမ္ဘာကြီးကို အတူတကွတည်ဆောက်ခြင်းသည် နိုင်ငံတော်ပါတီ၏တာဝန်ဖြစ်သည်။” အဆိုပါခေါင်းစဉ်ဖြင့် အသေးစိတ်ဆွေးနွေးမှုများပြုလုပ်ခဲ့ကြသည်။ တတိယအချက်မှာ South-South လူ့အခွင့်အရေးဖိုရမ်ကို တည်ထောင်နိုင်ခြင်းဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖြင့် ဖွံ့ဖြိုးတိုးတက်မှုများကိုရရှိစေရန်၊ တိုးတက်ဖွံ့ဖြိုးမှုဖြင့်လူ့အခွင့်အရေးကိုရရှိစေရန် အစပြုကြိုးပမ်းဆောင်ရွက်ပြီး လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထု ဆောက်လုပ်ရေးကို အတူတကွတည်ဆောက်ကြသည်။ အဆိုပါပါပလက်ဖောင်းအသစ်များသည် လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုဆောက်လုပ်ရေး၏ အရေးကြီးမစ်ရှင်များကို သယ်ပိုးထားသည်။ အတူတကွစီးပွားရှာခြင်း၊ အတူတကွတည်ဆောက်ခြင်း စသည်တို့၏ဉာဏ်ပညာနှင့်စွမ်းအင်များကိုစုစည်းထားကြသည်။

အဆိုပါတစ်နှစ်ထဲတွင် တရုတ်နိုင်ငံသည် လူသားကံကြမ္မာတူတစ်ကိုယ်တည်းထုဆောက်လုပ်ရေးကို အိမ်နီးချင်းနိုင်ငံများနှင့်ဒေသတွင် အမြစ်တွယ်ပြီး တိုးတက်မှုများဖြစ်ထွန်းစေကာ သမိုင်းခေလှမ်းအသစ်များသို့ လျှောက်လှမ်းခဲ့သည်။ တရုတ်နိုင်ငံသည် အပြန်အလှန်ဆက်သွယ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုများကိုချိတ်ဆက်ပြီး ပိုမိုတောင့်တင်းလာအောင်လုပ်ဆောင်နေသည်။ အရေးပါသည့်လက်တွေ့ပြဿနာများကို အဆင်ပြေချောမွေ့စွာဖြေရှင်းပေးခဲ့သည်။ အိမ်နီးချင်းနိုင်ငံအများနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းစနစ်ကိုအမှီပြုပြီး ခံစားခွင့်ပေါ်လစီမျိုးစုံကိုရရှိခြင်းဖြင့် တရုတ်-အာဆီယံ လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုဆောက်လုပ်ရေးကို အားစိုက်ဆောင်ရွက်ခြင်း၊ မဟာဗျူဟာမြောက်အနက်အဓိပ္ပာယ်ဆန်သော တရုတ်-လာအို ကံကြမ္မာတူတစ်ကိုယ်တည်းထုဆောက်လုပ်ရေး၊ တရုတ်-ဗီယက်နမ် ကံကြမ္မာတူ တစ်ကိုယ်တည်းထုဆောက်လုပ်ရေးများကို ပိုမိုခိုင်ခန့်လာအောင် ကြိုးပမ်းဆောင်ရွက်နေသည်မှာ အကျိုးဖြစ်ထွန်းမှုသိသာထင်ရှားလှပါသည်။

လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထုဆောက်လုပ်ရေး အတွေးသည် လူသားများအတူ ခံယူထားသောတန်ဖိုးကိုပေါ်လွင်စေသည်။ ၂၀၁၇ခုနှစ်ကိုပြန်လည်သုံးသပ်ကြည့်သော် တရုတ်နိုင်ငံသည် လက်တွေ့အကောင်အထည်ဖော်ဆောင်မှုဖြင့် လူသားကံကြမ္မာတူ တစ်ကိုယ်တည်းထု ဆောက်လုပ်ရေး အားအင်များကို စုစည်းထားသည်။ အနာဂတ်တွင်တရုတ်နိုင်ငံသည် လူသားလူမှုရေးပတ်ဝန်းကျင်အတွက် အထောက်အပံ့များကို လက်တွေ့အကောင်အထည်ဖော်ဆောင် ပေးအပ်သွားနိုင်မည်ဖြစ်မည်။

ချိန်ရွှင်လုံ (စာရေးသူသည် တရုတ်နိုင်ငံ နိုင်ငံတကာရေးရာသုတေသနပြုစုခြင်းအကယ်ဒမီ အပြည်ပြည်ဆိုင်ရာ ဗျူဟာသုတေသနဌာနမှူး)

“ပြပွဲ”

နိုင်ငံပေါင်း(၈၀)ကျော်နှင့်ဒေသများက တောင်အာရှကုန်စည်ပြပွဲသို့တက်ရောက်ကြမည်

လတ်တလောရက်ပိုင်းတွင် (၅)ကြိမ်မြောက် တရုတ်-တောင်အာရှပြပွဲနှင့်(၂၅)ကြိမ်မြောက် တရုတ်နိုင်ငံကူမင်းမြို့သွင်းကုန်ထုတ်ကုန်ကုန်ပစ္စည်းပြပွဲ (အောက်တွင်နန်ပေါပြပွဲဟုဖော်ပြသည်)သည် ယူနန်အတွင်းရှိ ဗဟိုအစိုးရပိုင်လုပ်ငန်းနှင့် ပြည်နယ်ပိုင်အစိုးရလုပ်ငန်းပြပွဲသို့တက်ရောက်ပြသရန် ဖိတ်ကြားပွဲကို ကူမင်းမြို့တွင် ကျင်းပခဲ့သည်။ ဤဖိတ်ကြားပွဲမှ ရရှိသောသတင်းအရ အဆိုပါအကြိမ်ကျင်းပသော နန်ပေါပြပွဲတွင် ပါဝင်ပြသသောနိုင်ငံနှင့်ဒေသများသည် စုစုပေါင်း (၈၀)ကျော်ရှိမည်ဖြစ်သည်။

ရရှိထားသော သတင်းများအရ ယခုနှစ်နန်ပေါပြပွဲသည် ဇွန်လ(၁၂)ရက်နေ့မှ(၁၈)ရက်နေ့အထိ ကူမင်းတို်နခ်ီ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာတွင်ကျင်းပသွားမည်ဖြစ်သည်။ ခင်းကျင်းပြသမည့်ပြပွဲမျက်နှာပြင်သည် စတုရန်းမီတာ(၁သိန်း၉သောင်း)ရှိသည်။ ပြခန်းများမှာ ခရီးသွားပြခန်း၊ စိုက်ပျိုးရေးပြခန်း၊ ထုတ်လုပ်ရေးပြခန်း၊ ကုန်ကြမ်းအသစ်ပြခန်း၊ အရှေ့တောင်အာရှပြခန်း၊ ဖွင့်ပွဲခန်းမနှင့်ပင်မအိမ်ရှင်ပြခန်း၊ အဓိကခေါင်းစဉ်ပြခန်း တောင်အာရှပြခန်း၊ နိုင်ငံခြားပြခန်း၊ ထိုင်ဝမ်ပြခန်း၊ ပြည်မပြခန်း၊ စားသောက်ကုန် နေထိုင်မှုပြခန်း၊ လျှပ်စစ်ပစ္စည်းပြခန်း၊ ဇီဝဆေးဝါးနှင့် ကျန်းမာရေးပြခန်း၊ ယဉ်ကျေးမှုတီထွင်ဖန်တီးမှုပြခန်း၊ သစ်သားပန်းပုအနုပညာပြခန်းတို့ရှိသည်။ ထိုအချိန်ကာလအတွင်းတွင် အစီအစဉ်(၁၀)ရပ် ကျင်းပသွားမည်ဖြစ်သည်။ အဓိကကျင်းပမည့် အစီအစဉ်များမှာ- တရုတ်-တောင်အာရှစီးပွားရေးဖိုရမ်၊ တရုတ် အရှေ့တောင်အာရှစီးပွားရေးဖိုရမ်၊ လန်ချန်း-မဲခေါင်မြစ် အကျိုးတူပူးပေါင်းဆောင်ရွက်မှုနှင့် မဲခေါင်မြစ်ဝှမ်းဒေသ (GMS) စီးပွားရေးစကြံ့ စီးရီးအစီအစဉ်များ၊ တရုတ်-တောင်အာရှ အရှေ့တောင်အာရှ Think Tank ဖိုရမ်၊ တရုတ်-တောင်အာရှအရှေ့တောင်အာရှနည်းပညာရွှေ့ပြောင်းခြင်းနှင့် တီထွင်ဖန်တီးမှုအကျိုးတူပူးပေါင်းဆောင်ရွက်မှုအစည်း အဝေးပွဲကြီး၊ အာဆီယံ-တရုတ်လုပ်ငန်းရှင်များတွေ့ဆုံပွဲ၊ ယူနန်ထိုင်ဝမ်အစည်း အဝေး၊ တရုတ်-တောင်အာရှ၊ အရှေ့တောင်အာရှ အနုပညာသီတင်းပတ်နှင့် အနုပညာပွဲတော် စသည်တို့ဖြစ်သည်။

နန်ပေါပြပွဲစီစဉ်ကျင်းပရေးကော်မတီမှ ထုတ်ပြန်သောသတိပေးချက်များအရသိရသည်မှာ ပြခန်းအသီးသီးတွင် ခင်းကျင်းပြသမည့် ကုန်ပစ္စည်းနမူနာများသည် ၎င်းတို့၏intellectual property ကို ထုတ်ဖော်ပြသနိုင်ရမည်ဖြစ်သည်။ ပြခန်းပိုင်ရှင်များသည် 《မျိုးတုံးတော့မည်ဖြစ်သော တောရိုင်းတိရစ္ဆာန်၊ အပင်မျိုးစေ့အပြည်ပြည်ဆိုင်ရာ ကူးသန်းရောင်းဝယ်ရေး သဘောတူညီချက်》နှင့်တရုတ်နိုင်ငံမူပိုင်ခွင့်၊ ကုန်အမှတ်တံဆိပ်ဥပဒေနှင့် မူပိုင်ခွင့်အက်ဥပဒေစသည့် သက်ဆိုင်ရာintellectual property စည်းမျဉ်းစည်းကမ်းသတ်မှတ်ချက်များကို မလွဲမသွေလိုက်နာရမည်ဖြစ်ပြီး တရုတ်နိုင်ငံမှပါဝင်ထားသော သက်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ intellectual property သဘောတူညီချက်သတ်မှတ်ချက်များကိုလည်း လိုက်နာရမည်ဖြစ်သည်။ ပြပွဲတက်ရောက်သူများသည် ၂၀၁၈ခုနှစ် မေလ(၃၀)ရက်နေ့မတိုင်မီ ကူမင်းမြို့သို့ရောက်ရှိရမည်ဖြစ်သည်။ ပြပွဲမှသတ်မှတ်ထားသောကုန်စည်ပို့ဆောင်ရေးကုမ္ပဏီမှ အမှတ်တံဆိပ်စစ်ဆေးခြင်း၊ အကောက်ခွန်ရှင်းလင်းခြင်း၊ ပြည်တွင်းသယ်ယူပို့ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

သတင်းထောက် ကျူတုံဟွာ ရှုံးရမ့်

ကူမင်းတောင်ဖက် အရှိန်မြင့်ရထားဘူတာရုံတည်ထောင်ဖွင့်လှစ်ပြီးကတည်းကစပြီး ခရီးသွားဧည့်သည်တော်များ ခရီးသွားလာရေးလိုအပ်ချက်များကို အဆက်မပြတ် ဖြည့်ဆည်းပေးနေသည်။ ခရီးသည်များပိုမိုအဆင်ပြေစေရန် စက်ကိရိယာများကိုအဆင့်မြှင့်တင်ပေးထားသည်။ လတ်တလောတွင်ဘူတာဂိတ်သည် ဘူတာအနောက်ဝင်ပေါက်နှင့် ဘူတာမြောက်ဝင်ပေါက်တွင် လူမျက်နှာကိုစကင်ဖတ်နိုင်သော ခေတ်မီကိုယ်ပိုင်လုပ်ဆောင်မှုစနစ် real name system စက်ကိရိယာ (၈)ခုကို တပ်ဆင်ထားသည်။ ခရီးသည်များသည် ရထားလက်မှတ်နှင့်မှတ်ပုံတင်ကို ကိုင်ဆောင်ကာ “မျက်နှာကိုစကင်ဖတ်ခံပြီးဘူတာထဲသို့ဝင်နိုင်သည်” real name system မှ အလုပ်တွင်ကျယ်မှုနှင့် တိကျမှန်ကန်မှုနှုန်းကိုမြှင့်တင်ပေးနိုင်ခဲ့သည်။

သတင်းထောက် ဟွမ်ကျီချွန်၊ လီချိုမင်